**TMH Telecom Public Company Limited ၏ ၂၀၂၄ ခုနှစ် စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် (၂၀၂၄-၂၅) ခုနှစ် ဘဏ္ဍာနှစ်ဝက်အပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်ကို ထုတ်ပြန်ကြေငြာခြင်း**

အောက်ဖော်ပြပါ သုံးသပ်ချက်များသည် TMH Telecom Public Company Limited ၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ်ဝက်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်ကို အခြေခံထားသော သုံးသပ်ထုတ်ပြန်ချက်ဖြစ်သဖြင့် ထိုဘဏ္ဍာရေးရှင်းတမ်းများနှင့်အတူ ယှဉ်တွဲ၍ ဖတ်ရှုနိုင်ပါသည်။

ငွေကြေးဖော်ပြချက်အားလုံးကို မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

**အနှစ်ချုပ်တင်ပြချက်များ**

**ကုမ္ပဏီ၏ ဝင်ငွေရှင်းတမ်း အကျဉ်းချုပ်ဖော်ပြချက်(ကျပ်ထောင်ပေါင်း)**

| | ဧပြီလ ၂၀၂၄ မှ စက်တင်ဘာလ ၂၀၂၄ | ဧပြီလ ၂၀၂၃ မှ စက်တင်ဘာလ ၂၀၂၃ | ပြောင်းလဲမှု % |
|---|---|---|---|
| ဝင်ငွေ | ၁,၉၂၃,၄၁၅ | ၃,၃၃၇,၃၄၈ | (၄၂%) |
| ရောင်းကုန်တန်ဖိုး | (၁,၇၈၅,၉၄၉) | (၂,၂၇၈,၇၄၂) | (၂၂%) |
| အကြမ်းအမြတ် | ၁၃၇,၄၆၆ | ၁,၀၅၈,၆၀၆ | (၈၇%) |
| အခြားရငွေ | ၂၇၉,၆၈၈ | ၁၀၂,၆၇၃ | ၁၇၂% |
| အသုံးစရိတ်များ | (၁,၀၅၈,၇၆၄) | (၉၉၄,၇၉၂) | ၆% |
| အခွန်မလျှာမီ အသားတင် (အရှုံး)/အမြတ် | (၆၄၁,၆၁၁) | ၁၆၆,၄၈၇ | (၄၈၅%) |
| ဝင်ငွေခွန် | - | (၂၈,၃၀၃) | (၁၀၀%) |
| အခွန်လျှာပြီး အသားတင် (အရှုံး)/အမြတ် | (၆၄၁,၆၁၁) | ၁၃၈,၁၈၄ | (၅၆၄%) |
| အခြားဝင်ငွေအလုံးစုံ | | | |
| ရင်းနှီးမြုပ်နှံမှုအတွက် ကာလပေါက်ဈေး ညှိနှိုင်းခြင်း | (၁,၁၅၅) | ၁၀,၃၉၅ | (၁၁၁%) |
| စုစုပေါင်းဝင်ငွေအလုံးစုံပါဝသော (အရှုံး)/အမြတ် | (၆၄၂,၇၆၆) | ၁၄၈,၅၇၉ | (၅၃၃%) |
| ရှယ်ယာတစ်စုဝင်ငွေ (ကျပ်) | - | ၁၁ | - |

ပြီးခဲ့သော ဘဏ္ဍာနှစ်ဝက်တွင် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော အခြေအနေများကြောင့် အချို့သော စီမံကိန်းလုပ်ငန်းများကို ရပ်ဆိုင်းထားရပါသည်။ ထို့အပြင် ငွေဖြည့်ကတ် ထုတ်လုပ်ရောင်းချမှု လုပ်ငန်းများသည် အခြားဒေသတွင် ပုံမှန်လည်ပတ်လျက်ရှိသော်လည်း ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဒေသတွင်း မတည်ငြိမ်မှုများကြောင့် လုပ်ငန်းများ ခေတ္တခဏ ရပ်ဆိုင်းထားရပါသည်။ ထို့ကြောင့်၂၀၂၄ ခုနှစ် စက်တင်ဘာလ (၃၀)ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာနှစ်ဝက်တွင် ကုမ္ပဏီ၏စုစုပေါင်းဝင်ငွေသည် ကျပ်(၁.၉၂)ဘီလီယံ ရရှိခဲ့ပြီး၊ ၂၀၂၃ခုနှစ် စက်တင်ဘာလ (၃၀)ရက်နေ့တွင် ကုန်ဆုံးသည့် ယခင်ဘဏ္ဍာနှစ်ဝက်၏ ဝင်ငွေထက်ကျဆင်းခဲ့ပါသည်။ မိုဘိုင်းစီမံကိန်းလုပ်ငန်းများမှ ရရှိသောဝင်ငွေသည် ယခင်ဘဏ္ဍာနှစ်ဝက်ထက် (၂၁)ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့သော်လည်း ငွေဖြည့်ကဒ်ထုတ်လုပ် ရောင်းချ ဖြန့်ဖြူးခြင်း လုပ်ငန်းမှ ရရှိသောဝင်ငွေနှင့် အခြားသောစီမံကိန်းလုပ်ငန်းများမှ ရရှိသောဝင်ငွေသည် ယခင်ဘဏ္ဍာနှစ်ဝက်နှင့် နှိုင်းယှဉ်ပါက (၅၁) ရာခိုင်နှုန်းနှင့် (၇၂)ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ရပါသည်။

ယခုနှစ် (၂၀၂၄-၂၅)ဘဏ္ဍာနှစ်ဝက်၏ ဝင်ငွေကျဆင်းမှုကြောင့် ရောင်းကုန်တန်ဖိုးသည် ယခင်ဘဏ္ဍာနှစ်ဝက်ထက် (၂၂)ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ကုန်ကြမ်းတန်ဖိုးများ မြင့်တက်လာခြင်းနှင့် ငွေကြေးလဲလှယ်နှုန်းအပြောင်းအလဲကြောင့် ရောင်းကုန်တန်ဖိုးသည် ယခုတင်ပြသောဘဏ္ဍာနှစ်ဝင်ငွေ၏ (၉၃) ရာခိုင်နှုန်းထိမြင့်တက်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ အကြမ်းအမြတ်သည်(၇) ရာခိုင်နှုန်းကျန်ရှိပြီး ပမာဏအားဖြင့် ငွေကျပ် (၀.၁၄)ဘီလီယံသာကျန်ရှိပါသဖြင့် ယခင်ဘဏ္ဍာနှစ်ဝက်ထက် (၈၇) ရာခိုင်နှုန်းလျော့နည်း ကျဆင်းသွားပါသည်။

အခြားစီမံခန့်ခွဲမှုစရိတ်များဖြစ်သော လုပ်ငန်းလည်ပတ်စရိတ်၊ စီမံရေးရာနှင့် အထွေထွေ ကုန်ကျစရိတ် ၊ အရောင်းမြှင့်တင်ရေးဆိုင်ရာ ကုန်ကျစရိတ်များအား စီစစ်သုံးစွဲခဲ့သော်လည်း ကုန်ပစ္စည်းဈေးနှုန်း များ မြင့်တက်လာမှုကြောင့် ကုမ္ပဏီအနေဖြင့် ယခုတင်ပြသော ဘဏ္ဍာနှစ်ဝက်တွင် အသားတင်အရှုံး မြန်မာငွေ ကျပ် (၀.၆၄) ဘီလီယံဖြစ်ပေါ်ခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုတန်ဖိုးကို သတ်မှတ်ရာတွင် ကုမ္ပဏီမှ First Myanmar Investment Co., Ltd (FMI) တွင်ဝယ်ယူထားသော အစုရှယ်ယာများကို မြန်မာနိုင်ငံ စာရင်းကိုင်စံသတ်မှတ်ချက်များကို လိုက်နာပြီး ရပိုင်ခွင့်များကို ယခုဘဏ္ဍာနှစ်ဝက် စာရင်းပိတ်ချိန်ရှိ အစုရှယ်ယာဈေးကွက်တွင် ဖော်ပြထားသည့် ဈေးနှုန်းနှင့်အညီ တန်ဖိုးပြန်လည် သတ်မှတ်ထားခြင်းဖြစ်ပါသည်။

**Address : No.18/A, Koh Min Koh Chin Road, Bahan Township, Yangon**
**Phone : +951 552100,552101**
**Website:** www.tmhtelecom.com

**ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း အကျဉ်းချုပ်ဖော်ပြချက်(ကျပ်ထောင်ပေါင်း)**

| | ဧပြီလ ၂၀၂၄ မှ စက်တင်ဘာလ ၂၀၂၄ | ဧပြီလ ၂၀၂၃ မှ စက်တင်ဘာလ ၂၀၂၃ | ပြောင်းလဲမှု % |
|---|---:|---:|---:|
| **ရပိုင်ခွင့်များ** | | | |
| လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ | ၃,၅၄၆,၄၆၆ | ၂,၄၂၇,၁၆၄ | ၄၆% |
| လက်ငင်းရပိုင်ခွင့်များ | ၁၁,၆၈၀,၃၇၃ | ၁၂,၇၈၃,၅၁၉ | (၉%) |
| **စုစုပေါင်း ရပိုင်ခွင့်များ** | **၁၅,၂၂၆,၈၃၈** | **၁၅,၂၁၀,၆၈၃** | **၀%** |
| **ရင်းနှီးငွေနှင့်ပေးရန်တာဝန်များ** | | | |
| ရင်းနှီးငွေ | ၁၃,၄၇၉,၀၀၉ | ၁၄,၀၆၄,၄၇၈ | (၄%) |
| လက်ငင်းပေးရန်တာဝန်များ | ၁,၇၄၇,၈၂၉ | ၁,၁၄၆,၂၀၅ | ၅၂% |
| **စုစုပေါင်းရင်းနှီးငွေနှင့်ပေးရန်တာဝန်များ** | **၁၅,၂၂၆,၈၃၈** | **၁၅,၂၁၀,၆၈၃** | **၀%** |

ကုမ္ပဏီ၏ လက်ငင်းရပိုင်ခွင့်များသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့တွင် ကုန်ဆုံးသော ယခုဘဏ္ဍာနှစ်ဝက်တွင် ငွေကျပ် (၁၁.၆၈)ဘီလီယံရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ဝက်ရှိ ငွေကျပ်(၁၂.၇၈)ဘီလီယံနှင့် နှိုင်းယှဉ်ပါက (၉)ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ထိုကဲ့သို့ကျဆင်းရသည့် အကြောင်းအရင်းမှာ ကုန်လက်များကို လျော့ချ၍ သိုလှောင်ခြင်း၊ ကြိုပေးငွေများကို စရိတ်အဖြစ် စာရင်းပြောင်းရွှေ့သွင်းခြင်း၊ ကုန်လက်ကျန် ပစ္စည်းစာရင်းမှ လုပ်ငန်းအတွက်အသုံးဝင်နိုင်သော လုပ်ငန်းသုံးပစ္စည်းတချို့ကို ပုံသေပိုင်ပစ္စည်းစာရင်းသို့ ပြောင်းရွှေ့စာရင်းရေးသွင်းခြင်း တို့ကြောင့်ဖြစ်ပါသည်။

လက်ငင်းမဟုတ်သော ရပိုင်ခွင့်များသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့တွင် ကုန်ဆုံးသော ယခုဘဏ္ဍာနှစ်ဝက်တွင် ငွေကျပ် (၃.၅၅)ဘီလီယံရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ဝက်ရှိ ငွေကျပ်(၂.၄၃)ဘီလီယံနှင့် နှိုင်းယှဉ်ပါက (၄၆)ရာခိုင်နှုန်း တိုးတက်လာခဲ့ပါသည်။ ထိုကဲ့သို့တိုးတက်လာရသည့် အကြောင်းအရင်းမှာ ကုမ္ပဏီ၏ အစုစပ်ကုမ္ပဏီ တစ်ခုဖြစ်သည့် (Myanmar GT Broadband Company Limited) မှ ရရှိသည့် အမြတ်ငွေတိုးလာခြင်းနှင့် ကုန်လက်ကျန်ပစ္စည်းစာရင်းမှ လုပ်ငန်းသုံးပစ္စည်းတချို့ကို ပုံသေပိုင်ပစ္စည်းစာရင်း သို့ ပြောင်းရွှေ့စာရင်းရေးသွင်းခဲ့ခြင်းတို့ကြောင့်ဖြစ်ပါသည်။

လက်ငင်းပေးရန်တာဝန်များသည် ယခုတင်ပြသော ဘဏ္ဍာနှစ်ဝက်တွင် ငွေကျပ်(၁.၇၅)ဘီလီယံရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ဝက်ရှိ ငွေကျပ်(၁.၁၅)ဘီလီယံနှင့် နှိုင်းယှဉ်ပါက (၅၂) ရာခိုင်နှုန်းတိုးတက်လာခဲ့ပါသည်။ ထိုကဲ့သို့ တိုးတက်လာရခြင်းမှာ ပေးဆောင်ရန်အတွက် လျာထားသော အခွန်အခများနှင့် စီမံကိန်းလုပ်ငန်းများ ပြီးစီးသည့်အချိန်တွင် ဝင်ငွေအဖြစ် ပြောင်းလဲစာရင်းရေးသွင်းရမည့် ကြိုတင်ရငွေများကြောင့်ဖြစ်ပါသည်။

**Address : No.18/A, Koh Min Koh Chin Road, Bahan Township, Yangon**
**Phone : +951 552100,552101**
**Website: www.tmhtelecom.com**

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့တွင် ကုန်ဆုံးသော ယခုဘဏ္ဍာနှစ်ဝက်တွင် ကုမ္ပဏီ၏ မတည်ရင်းနှီးငွေမှာ (၄) ရာခိုင်နှုန်းကျဆင်းသွားခဲ့ပြီး ထိုကဲသို့ ကျဆင်းသွားရသည့် အကြောင်းအရင်းမှာ ယခုဘဏ္ဍာနှစ်ဝက်တွင် လုပ်ငန်းသည် ငွေကျပ်(၀.၆၄)ဘီလီယံ အရှုံးဖြစ်ပေါ်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

**သုံးသပ်ချက်နှင့်အလားအလာ**

တီအမ်အိတ်ချ် အများနှင့် သက်ဆိုင်သော ကုမ္ပဏီ၏ စီမံခန့်ခွဲမှု အဖွဲ့အနေဖြင့် အစုရှယ်ယာရှင်များသို့ တင်ပြလိုသည်မှာ ကုမ္ပဏီသည် ဒေသတွင်း မတည်ငြိမ်မှုများ နှင့် လက်ရှိဖြစ်ပေါ်နေသော မမျှော်မှန်းနိုင်သော အခြေအနေအရပ်ရပ်တို့ကြောင့် စီးပွားရေး လုပ်ငန်းများ လုပ်ဆောင်ရာတွင် မသေချာမရေရာမှုများနှင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရပါသည်။ ထိုသို့သော မမျှော်မှန်းနိုင်သော အခြေအနေများ ဖြစ်ပေါ်နေသော်လည်း ကုမ္ပဏီသည် အကျိုးသက်ဆိုင်သူများအားလုံးအတွက် ပိုမိုကောင်းမွန်သော ရလဒ်များ ဖြစ်ပေါ်လာစေရန် စီမံကိန်းလုပ်ငန်းသစ်များကို လေ့လာခြင်း ၊ ဈေးကွက်သစ်များရှာဖွေခြင်းနှင့် လုပ်ငန်းသစ်များ ချဲ့ထွင်နိုင်ရန်အတွက် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

သီဟလွင်

အုပ်ချုပ်မှုဒါရိုက်တာ

၂၀၂၄ခုနှစ် ၊ ဒီဇင်ဘာလ ၂၇ ရက်။

Address : No.18/A, Koh Min Koh Chin Road, Bahan Township, Yangon
Phone : +951 552100,552101
Website: www.tmhtelecom.com